# (၇၆)နှစ်မြောက် ပင်လုံစာချုပ်ချုပ်ဆိုခြင်း အထိမ်းအမှတ်နေ့ သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်

ကိုလိုနီခေတ်မတိုင်ခင် သီးခြားလွတ်လပ်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် ဖက်ဒရယ်ပြည်ထောင်စုကို ပူးပေါင်းတည်ထောင်ကြရန် မျှော်ရည်ချက်ဖြင့် ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုကာ လွတ်လပ်ရေးကို အတူတကွ ရယူခဲ့ကြသည်။ သို့သော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိချိန်မှစ၍ ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့ကြသော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ပင်လုံစာချုပ်တွင် သဘောတူထားခဲ့သော ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ (အထူးသဖြင့် ပင်လုံစာချုပ် အပိုဒ် (၅)ပါ "တိုင်းရင်းသားလူမျိုးများနေထိုင်ရာ တောင်တန်းဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပြည့်အဝရှိနေရမည်ဟူသည့် စစ်မှန်သောဖက်ဒရယ်စနစ်ဖြင့် ပြည်ထောင်စုကြီး ကို ထူထောင်ရမည်”နှင့် အပိုဒ် (၇)ပါ “ဒီမိုကရေစီ စနစ်ကို ဤတိုင်းပြည်တွင် ကျင့်သုံးမည့်နိုင်ငံရေးစနစ်ဖြစ်ရမည်”)ကို အပြည့်အဝအကောင်အထည် မဖော်နိုင်ခြင်းကြောင့် မိမိတို့ တိုင်းပြည်တွင် နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်ရသည့်အပြင် စစ်အာဏာရှင်စနစ်နှင့် တစ်ပါတီအာဏာရှင်စနစ်များ ပေါ်ပေါက်လာခဲ့ပြီး စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်နှင့် အလှမ်းဝေးခဲ့ရသည်။ စနစ်ဆိုး၏ ဆိုးကျိုးများကို ပြည်သူလူထု တစ်ရပ်လုံးခါးဆီးခံနေရဆဲဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးစုများ၊ ယနေ့မျိုးဆက်သစ်လူငယ်များသည် ပင်လုံတွင် ထားရှိခဲ့သည့် ကတိကဝတ်များ၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းတော်လှန်နေကြဆဲဖြစ်သည်။ ပင်လုံစာချုပ်အကောင်အထည်မဖော်နိုင်ခဲ့သည့် နိုင်ငံရေးပြဿနာကို ဖြေရှင်းရန်၊ ပြည်တွင်းစစ်နှင့် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရန်အတွက် ယနေ့နွေဦးတော်လှန်ရေးမှ သဘောတူချမှတ်လိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို လက်တွေ့ အကောင်အထည် ဖော်ဆောင်နိုင်ရန်လိုအပ်သည်။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အမျိုးသားတန်းတူရေး၊ ပြည်ထောင်စု၏ အချုပ်အခြာအာဏာ တည်မြဲရေး အာမခံချက် ရရှိနိုင်ရန် စုပေါင်းဆောင်ရွက်သော စနစ်လိုအပ်သည်။

သို့ဖြစ်၍ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် စုပေါင်းချမှတ်ထားသော ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုးများအတိုင်း ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရေးနှင့် စုပေါင်းခေါင်းဆောင်မှုအားကောင်းလာရေးအတွက် ဒီမိုကရေစီအင်အားစုအားလုံးအား ဖိတ်ခေါ်၍ အခိပ္ပါယ်ပြည့်ဝသော စုပေါင်းခေါင်းဆောင်မှုကို လက်တွဲဖော်ဆောင်သွားရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

တော်လှန်ရေးသစ္စာဖြင့်

ရပ်ဝန်းသစ်